အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

Human Rights in Myanmar

အတွဲ ၁ အမှတ် ၅၃ ၂ မတ် ၂၀၂၄

# စစ်မှုထမ်းဥပဒေအား ပြတ်ပြတ်သားသား ဆန့်ကျင်ရန် ရိုဟင်ဂျာများအား ဒုဝန်ကြီး တိုက်တွန်း

အကြမ်းဖက်စစ်အုပ်စုက စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက် ရိုဟင်ဂျာများအား ဥပဒေလိုက်နာရန် လုပ်ဆောင်လာသည့် အပေါ် ပြတ်ပြတ်သားသား ဆန့်ကျင်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုးက မီဒီယာများမှတစ်ဆင့် တိုက်တွန်းထားသည်။

VOA သတင်းဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်း၌ ဒုဝန်ကြီးက "ရိုဟင်ဂျာ အရပ်သားတွေလက်ထဲကို လက်နက်တပ်ဆင်ပေးမှာတော့ မဟုတ်ဘူး။ သူတို့ နည်းမျိုးစုံနဲ့ ဒီနေရာမှာ လူသားဒိုင်းသဖွယ် အသုံးချဖို့ ကြိုးစားနေတဲ့အရာဖြစ်ပါတယ်။ စစ်ကောင်စီက အဲဒီလိုမျိုး ဖိအားပေးပြီးတော့ပဲဖြစ်ဖြစ်၊ ချော့မော့ပြီးတော့ပဲ ဖြစ်ဖြစ် လုပ်လာခဲ့သည်ရှိသော် ကျွန်တော်တို့အနေနဲ့ ဒါတွေကို ပြတ်ပြတ်သားသားနဲ့ ငြင်းဖို့လိုတယ်" ဟု ဖြေဆို တိုက်တွန်းထားသည်။

ရိုဟင်ဂျာများအား အကြမ်းဖက်စစ်အုပ်စုက စစ်တပ်အတွင်း ဝင်ရောက်ရန် လိုက်လံစည်းရုံးနေသည့် အကြောင်းအရင်းနှင့် ပတ်သက်၍လည်း "အဓိက ကတော့ မြေပြင်မှာ တိုက်တိုင်းရှုံးနေတော့ လူစွမ်းအားအရင်းအမြစ်က မရှိသလောက် နည်းပါးတယ်ပေါ့။ အဲဒီအတွက် နောက်ဆုံးသူထွက်ပေါက် ရှာတဲ့အခါကျရင် ဒုက္ခသုက္ခပေါင်း မြောက်များစွာနဲ့ ရှင်သန်နေထိုင်ရတဲ့ရိုဟင်ဂျာတွေကို ဓါးစာခံအနေနဲ့ အသုံးချဖို့ ကြိုးစားတာဖြစ်တယ်။ ဒီလိုအသုံးပြုပြီးတော့ တိုက်ရင်များ နိုင်မလားဆိုတဲ့ဟာပေါ့။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျနော်တို့က ရခိုင်ပြည်နယ်မှာ တခြားလူမျိုးစုတွေနဲ့အတူ အေးအတူ ပူအမျှပေါ့လေ- ငြိမ်းချမ်းစွာ အတူယှဥ်တွဲနေထိုင်ခဲ့တဲ့ သက်သေ သာဓက သမိုင်းအထောက်အထားတွေလည်း ကျနော်တို့အများကြီးရှိတဲ့အတွက်ကြောင့်မို့လို့ ဒီစစ်ကောင်စီရဲ့ အခုလို လုပ်ရပ်ကတော့ ဘယ်လိုမှ အလုပ်ဖြစ်မယ့်အရာမဟုတ်ပါဘူး" ဟု ဒုဝန်ကြီး ဦးအောင်ကျော်မိုးက ဖြေကြားထားသည်။




မိဘပြည်သူများခင်ဗျာ...
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## ဖေဖော်ဝါရီ ၁၆ ရက်နေ့မှ ၂၃ ရက်အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



## ဖေဖော်ဝါရီ ၁၆ ရက်နေ့မှ ၂၉ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့် ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




## အကြမ်းဖက်စစ်အုပ်စု ကျူးလွန်သည့် အစုအပြုံလိုက်သတ်ဖြတ်မှုများအား ပြည်သူထံ အစီရင်ခံ

ဖေဖော်ဝါရီ ၂၉

အကြမ်းဖက်စစ်အုပ်စု ကျူးလွန်နေသည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများနှင့် ပတ်သက်၍ လူ့အခွင့်အရေး ဝန်ကြီးဌာနက မှတ်တမ်းတင်ထားသည့် အချက်အလက် များအား သက်သေမှတ်တမ်းများပါဝင်သည့် ရုပ်သံမှတ်တမ်း ဖြင့် လူထုထံ အစီရင်ခံ တင်ပြထားသည်။

ယင်းရုပ်သံမှတ်တမ်း၌ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုနှင့် ပတ်သက်၍ လူ့အခွင့်အရေးဝန်ကြီးဌာန၏ အချက်အလက် ကောက်ယူရာ၌ အသုံးပြုသည့် အဓိပ္ပာယ်ဖွင့်ဆို ထားမှု အပါအဝင် ကျူးလွန်သည့်ပုံစံ၊ ကျူးလွန်မှု အခြေအနေ၊ ဆက်တိုက် ကျူးလွန်နေသည့် အခြေခံ အကြောင်းအရာ များအား ဖော်ပြထားသည်။

# အမျိုးသားညီညွတ်ရေးအစိုးရ ၈/၂၀၂၄ အစည်းအဝေး ပြုလုပ်

ဖေဖော်ဝါရီ ၂၇




အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ ၈/၂၀၂၄ အစိုးရအဖွဲ့ အစည်းအဝေးအား ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ရာ ယာယီသမ္မတ ဒူဝါလရှီးလအပြင် ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ယာယီသမ္မတက "ကျွန်တော်တို့ အစိုးရအနေနဲ့ မြေပြင်က တော်လှန်ရေး အင်အားစုတွေနဲ့ နိုင်ငံရေးအရ ပိုမို အစေးကပ်အောင် ဆက်လက်ကြိုးစားဖို့ လိုနေပါတယ်။ အထူးသဖြင့် အရေးပေါ် အချိန်ကာလတွေမှာ၊ ပြည်သူလူထုထဲက စစ်ဘေးဒုက္ခသည်များ ကူညီကယ်ဆယ်ရေး အလုပ်တွေကို လုပ်တဲ့အခါမှာ မြေပြင်က အင်အားစုတွေနဲ့ နားလည်မှု ကျယ်ကျယ်ပြန့်ပြန့် ရရှိထားမှသာ လူထုအရေး ကိစ္စတွေကို ပိုပြီး ထိထိရောက်ရောက်လုပ်နိုင်မှာ ဖြစ်ပါတယ်" ဟု ထည့်သွင်း ပြောကြားသည်။

"တော်လှန်ရေး အချိန်ကြာလေလေ စစ်အုပ်စုရဲ့ ဖိစီးနှိပ်စက်မှုဒဏ်ကို ပြည်သူတွေခါးစည်းခံရလေလေဖြစ်မှာပါ။ ဒါကြောင့် အကြမ်းဖက်စစ်အုပ်စုကို အပြီးတိုင်ဖြိုချနိုင်ရေး အတွက် ကျွန်တော်တို့အားလုံး စုစုစည်းစည်းနဲ့ အားစိုက် လုပ်ဆောင်သွားကြရဖို့ အင်မတန်အရေးကြီးပါတယ်" ဟုလည်း ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက အစိုးရအဖွဲ့ အစည်းအဝေးမိန့်ခွန်း၌ ထည့်သွင်း ပြောကြားထားသည်။




"အကြမ်းဖက်စစ်အုပ်စုရဲ့ စစ်မှုထမ်းဥပဒေဟာ ခေတ်သစ်ကျွန်ပြုမှုထက်ကို မပိုပါဘူး။ မြန်မာနိုင်ငံရဲ့လူငယ်တွေကို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သုံးမယ့်အစား စစ်အုပ်စုဟာ လူငယ်တွေရဲ့ အလားအလာကို ရိုက်ချိုးဖျက်ဆီးဖို့ ကြိုးစားတာသာ ဖြစ်ပါတယ်။ အားနည်းလာနေတဲ့ စစ်ရေးမဟာဗျူဟာကို အရှိန်တင်ဖို့ ကြိုးစားမှုသာ ဖြစ်ပါတယ်။ အာဏာကို ထိန်းချုပ်ဖို့အတွက် ရက်ရက်စက်စက်နဲ့ အသည်းအသန် ကြိုးပမ်းမှု ဖြစ်ပါတယ်။ ပြီးတော့ ဒီအစီအစဉ်ဟာလည်း မအောင်မမြင် ဖြစ်ပါလိမ့်မယ်"

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG)**

# "အကြမ်းဖက်အဖွဲ့ကပဲ ဒီ ကာ/လုံကို လွှမ်းခြုံထားတာ ရှိတယ်။"

"အကြမ်းဖက်စစ်အုပ်စုက ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပိုင်ခွင့်ရှိတဲ့ တရားဝင်အစိုးရတစ်ရပ် မဟုတ်ပါဘူး။ အထူးသဖြင့် အခုလိုမျိုး ပြည်သူတစ်ရပ်လုံးကို တွေ့သမျှကို အကုန်လုံးသတ်ဖြတ်၊ ရွာတွေမှန်သမျှ မီးရှို့နေတဲ့ နိုင်ငံတကာ ရာဇဝတ်သားတွေ ဖြစ်တဲ့ သူတို့တွေက ဒီဥပဒေကို ပြဋ္ဌာန်းပိုင်ခွင့် မရှိဘူးဆိုတာ အားလုံး သိပြီးသားပါ။ ဒါ့အပြင် ခုနကတုန်းက သူတို့ အမြဲတမ်း ကိုးကားလေ့ ရှိပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ့။ ဒီဥပဒေနဲ့အညီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လုပ်ပါတယ် ဆိုပြီးတော့ အမြဲတမ်း တသွင်သွင် ပြောနေပါတယ်။ အဲဒီတော့ အဲဒီနေရာမှာ ကျွန်တော်တို့ ကြည့်မယ်ဆိုရင်တော့ အခုလိုမျိုး စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဘယ်အပိုဒ်က ခွင့်ပြုထားသလဲ။ ပြောမယ်ဆိုလို့ရင်တော့ ပုဒ်မ – ၃၄၀ ကို ပြောလို့ ရပါတယ်။ အဲဒီမှာ ပြောထားတာ တစ်ခုကတော့ဗျာ...တပ်မတော်က ကာကွယ်ရေးနဲ့ လုံခြုံရေး ကောင်စီရဲ့ သဘောတူညီချက်ဖြင့် နိုင်ငံတော် လုံခြုံရေးနဲ့ ကာကွယ်ရေးလုပ်ငန်းတွေမှာ ပြည်သူတစ်ရပ်လုံး ပါဝင်လာဖို့ အတွက် စီမံဆောင်ရွက်ခွင့် ရှိတယ်လို့ ပြောထားပါတယ်။ ဒါပေမဲ့ အဲဒီလို လုပ်ထားသည့်တိုင်အောင် အခုအချိန်မှာ ကျွန်တော်တို့ ပြောနေတာက ကာ/လုံက တကယ် ပါဝင်သင့်၊ ပါဝင်ထိုက်တဲ့သူတွေအားလုံး မရှိဘူး။ ဖမ်းဆီးထားခံနေရတယ်။ တပ်မတော်လို့ ပြောနေတဲ့ အကြမ်းဖက်အဖွဲ့ကပဲ ဒီ ကာ/လုံကို လွှမ်းခြုံထားတာ ရှိတယ်။ ဒါကို သူတို့အနေနဲ့ ဝင်ရောက်ပြီး တော့ နေရာယူထားတာ ဖြစ်တယ်။ ဒီတော့ ဒီလုပ်ထုံးလုပ်နည်း အတိုင်း လုပ်သည့် တိုင်အောင်၊ လုပ်တယ်လို့ ပြောသည့် တိုင်အောင် ရှိနေတဲ့ ကာ/လုံက တကယ်တမ်း ထိရောက်စွာ လုပ်ဆောင်နိုင်တဲ့ အရာမဟုတ်ဘူး။ ပါဝင်သင့်သူတွေ မပါဘူး။ ဒါကြောင့်မို့လို့ သူတို့ လုပ်ချင်တဲ့ဟာကို ရာဘာတံဆိပ်တုံး ထုသလိုပဲ ခွင့်ပြုတဲ့ပုံစံမျိုး ဖြစ်နေတာ"

- **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG)**

***( ပြည်ထောင် စုဝန်ကြီးနှင့် PVTV သတင်းဌာန တွေ့ဆုံမေးမြန်း ဆွေးနွေးခန်း" အစီအစဉ် ကောက်နုတ်ချက်)***

# ဩစတြေးလျရောက် မြန်မာများ မဲလ်တုန်း၌ အာဆီယံအား ဆန္ဒထုတ် ဖော်မည်

မြန်မာ့အရေးအတွက် အာဆီယံ၏ လုပ်ဆောင်မှုများ ပိုမို ထိရောက်စေရေးအတွက် ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့၌ မတ် ၄ ရက်တွင် မြန်မာပြည်သား တိုင်းရင်းသားမိဘပြည်သူ များအနေဖြင့် ဆန္ဒဖော်ထုတ်မည် ဖြစ်ကြောင်း အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်က နှိုးဆော် ထားသည်။

သုံးနှစ်တာ ကာလအတွင်း ဩစတြေးလျမြေပေါ်၌ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအား ပထမဆုံးအကြိမ် ဆန္ဒပြ တောင်းဆိုသွားရန် စီစဉ်ခြင်းဖြစ်ကာ "၃ နှစ်တာကာလအတွင်း ဩစတေးလျမှာ ပထမဆုံး အာဆီယံ နိုင်ငံခြားရေးဝန်ကြီး တွေကို ကျွန်တော်တို့ရဲ့တောင်းဆိုမှုတွေ ပြောရမယ့်ပွဲပါ။ ပြည်တွင်းမှာရှိတဲ့ မိဘပြည်သူတွေနဲ့ မြေပြင်က တော်လှန်ရေး ရဲဘော်တွေက သူတို့တာဝန် သူတို့ကျေပွန်သလို ကျွန်တော်တို့ ပြည်ပရောက် တော်လှန် မိဘပြည်သူတွေ အနေနဲ့လည်း ကျွန်တော်တို့တာဝန် ကျွန်တော်တို့ ကျေပွန်ကြောင်း အတူ ပြသကြရအောင် အားလုံး လာရောက်ပါဝင်ပေးကြပါဖို့ အထူးမေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်" ဟု ဒုဝန်ကြီးက နှိုးဆော်ထားသည်။

# “ဥပဒေပြဋ္ဌာန်းဖို့ အာဏာအပ်နှင်းထားခြင်း မရှိဘူး”




“ဘာကြောင့် တရားမဝင်သလဲဆိုရင် ရှင်းရှင်းလေးပါပဲ။ အခုအချိန်မှာ ဒီကြေညာချက်ကို ထုတ်ပြန်ပြီးတော့၊ စတင်ပြီး ကျင့်သုံးဖို့ ကြိုးစားနေတဲ့သူက အစိုးရတစ်ရပ် မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ ဆန္ဒကို ကျော်လွန်ပြီးတော့ အာဏာလုထားတဲ့ အကြမ်းဖက် စစ်အုပ်စုပဲ ဖြစ်ပါတယ်။ အကြမ်းဖက်စစ်အုပ်စု ဖြစ်တဲ့အတိုင်းပဲ အာဏာကို လုထားရုံမကဘဲနဲ့ ဒီအာဏာကို လုခဲ့တဲ့ကာလအတွင်း က စပြီးတော့ အရပ်သားပြည်သူတွေကို ဖမ်းဆီးမှု၊ သတ်ဖြတ်မှု၊ အခုဆိုရင် ဖြတ်လေးဖြတ်ထက် ပိုမိုဆိုးဝါးတဲ့ ရွာမီးရှို့မှုတွေ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ ကျူးလွန်နေတဲ့ ရာဇဝတ်ကောင်တွေပဲ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ တစ်ကမ္ဘာလုံးက ဒါကို ထောက်ပြပြီးတော့ အကြမ်းဖက်ကျူးလွန်နေတဲ့ စစ်တပ် ဖြစ်တယ်၊ ဒါတွေကို အမြန်ဆုံး ရပ်တန့်ဖို့ လိုအပ်တယ်။ တချိန်တည်းမှာတင် တိုင်းပြည်ကို ပြန်လည်ပြီးတော့ ဒီမိုကရေစီလမ်းကြောင်းသွားဖို့အတွက် တောင်းဆိုနေတဲ့ ကြားထဲက ဆက်လက် ကျူးလွန်နေတဲ့ ရာဇဝတ်သားတွေပဲ ဖြစ်ပါတယ်။ ဒီလိုကာလမှာ သေနတ်ကို၊ လက်နက်ကို အကြောင်းပြပြီးတော့ အရပ်သားတွေကို ခြိမ်းခြောက်ရုံတင် မကဘဲနဲ့ အခုလိုမျိုး မိဘတိုင်း၊ လူငယ်တိုင်းကနေ စိုးရိမ်စရာဖြစ်တဲ့ စစ်မှုထမ်းခြင်း ဥပဒေကို ပြဋ္ဌာန်းခြင်းက လုံးဝလုပ်ပိုင်ခွင့်မရှိတဲ့ အရာလည်း ဖြစ်သလို လုပ်လို့လည်း အာဏာခန့်အပ်ထားခြင်း မရှိပါဘူး။ အာဏာအပ်နှင်းထားခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့ အကြမ်းဖက်စစ်အုပ်စုကနေ အခုလိုမျိုး ထုတ်ပြန်ပြီးတော့ ကျင့်သုံးမှုဟာ တရားဝင်တာ မဟုတ်ဘူး”

- **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**

*(ပေါ်တာဥပဒေနဲ့ လူ့အခွင့်အရေးဝန်ကြီးအမြင် ၊ Human Rights Barometer – Episode 33 ကောက်နုတ်ချက်)*

*(ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မစ္ဆိမသတင်းဌာနတို့ ပူးပေါင်းကာ ထုတ်လွှင့်နေခြင်း ဖြစ်သည်။)*

# “ဒီဟာက စစ်ရာဇဝတ်မှု ကျူးလွန်တဲ့ အနေအထားကို ရောက်တယ်”

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ သေကန်နှင့် မင်းဖူးရွာတို့အား အကြမ်းဖက်စစ်အုပ်စုက အရပ်သားများ အပေါ် ပစ်မှတ်ထား၍ ဂျက်တိုက်လေယာဉ် သုံးစင်းဖြင့် အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ရာ အရပ်သား ၂၀ ဦးခန့် သေဆုံးကာ အသက်မပြည့်ကလေးငယ် အပါအဝင် ၅၀ ခန့် ထိခိုက်ဒဏ်ရာရကာ နေအိမ်အချို့လည်း ပျက်စီးဆုံးရှုံးခဲ့သည်။

အများပြည်သူ အိပ်စက်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် သေကန်ရွာ စာသင်ကျောင်းအား စတင် တိုက်ခိုက်ခဲ့ရာ ကလေးငယ်များအပါအဝင် အပြင်းအထန် ဒဏ်ရာရသူ ၁၅ ဦးနှင့် အခြား ထိခိုက်ဒဏ်ရာရသူ ၁၀ ဦးထက်မနည်း ရှိခဲ့သည်။ စစ်အုပ်စုက သေကန်ရွာအနီး မင်းဘူးရွာ ရပ်ရွာဆေးရုံအား လေကြောင်းမှပင် ဆက်လက်တိုက်ခိုက်ရာ သေဆုံးသူ ၂၀ ဦးခန့်ရှိကာ ဒဏ်ရာရသူ ၃၀ နီးပါးခန့်အထိ ရှိခဲ့သည်။ ယင်းတိုက်ခိုက်မှုများအတွင်း အရပ်သား စစ်ရှောင်ပြည်သူများပိုင် နေအိမ် ၁၀ လုံးထက်မနည်း ပျက်စီးသည့်အပြင် ဘာသာရေးအဆောက်အဦအချို့ လည်း ပျက်စီးခဲ့သည်။

"သေကန်ရွာဆိုတာက မင်းပြားမြို့ အဝင် (၃) မိုင်လောက်ရှိမယ် ထင်တယ်။ အဲဒီနားမှ တံတားတစ်ခု ရှိတယ်။ တံတားကို မကျော်ခင် အရပ်ဘက်လူတွေနေတဲ့ ကျေးရွာတစ်ရွာပေါ့နော်။ အဲဒီကျေးရွာလေးမှာ တိုက်ပွဲကြောင့်ဒုက္ခသည်တွေ တော်တော်များများ တိမ်းရှောင်ပြီးတော့ ခိုလှုံနေကြတာများပါတယ်။ အဲဒီခိုလှုံနေတဲ့နေရာကို စစ်တပ်ဘက်ကနေပြီးတော့ စစ်လေယာဉ်နဲ့ လက်နက်ကြီးနဲ့ပစ်သွားပါတယ်။ ပထမသေကန်ရွာ စစ်ဘေးရှောင် စာသင်ကျောင်းကို ပထမဆုံးပစ်တဲ့အချိန်မှာ ကလေးအပါအဝင် လူ (၂၅) ယောက်လောက် အပြင်းအထန် ဒဏ်ရာရရှိသွားတယ်။ ကလေးတွေက အိပ်နေတဲ့အချိန်ဆိုတော့ ဒဏ်ရာက ကြီးကြီးမားမား ရသွားတယ်။ နောက်တစ်ချက်ပစ်တဲ့အချိန်မှာ လူနေအိမ်၊ အဲဒါက ဘာသာရေး အဆောက်အဦနားမှာရှိတဲ့ လူနေအိမ်တွေရှိတယ်။ လူနေအိမ် (၁၀) လုံးလောက် ပျက်စီးသွားတယ်။ တဆက်တည်းပဲ မင်းဘူးရွာကိုလည်း တစ်ခါတည်း လေယာဉ်နဲ့ ဂျက်ဖိုက်တာနဲ့လာပြီးတော့ ဗုံးကြဲလိုက်တော့ အဲဒီဆေးရုံက တော်တော်လေးကို ပျက်စီးသွားပြီးတော့ လူတွေ တော်တော်များများ ဒဏ်ရာရရှိသွားတယ်။ လူနာတွေဆရာဝန်တွေရော အကုန်ရှိတယ်။ သေဆုံးတာက (၂၀)လောက်ရှိတယ် ကြားတယ်။ ဒဏ်ရာရရှိတာက (၂၀) ကျော် (၃၀) နီးနီးလောက်ရှိတယ်လို့ သိရတယ်။ အဲဒါနဲ့က အဆက်အသွယ် မရသေးဘူး။ ယခုတိုက်ပွဲဖြစ်ပွားနေတဲ့အချိန်မှာ အရပ်ဘက်ဆေးရုံတွေ၊ ဒုက္ခသည်စခန်းတွေကို တိုက်ခိုက်တာ တိုက်ခိုက်တဲ့သူတွေ ကိုလည်း ရှုံ့ချတယ် ဆိုတဲ့ဟာကိုပဲ ပြောချင်ပါတယ်။ ဒီဟာက စစ်ရာဇဝတ်မှု ကျူးလွန်တဲ့အနေအထားကို ရောက်တယ်"

**- ဦးစိုးဝင်းနိုင် (ဒေသတွင်း လူ့အခွင့်အရေးအခြေအနေများ မှတ်တမ်းကောက်ယူသူ)**

***ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ သေကန်နှင့် မင်းဖူးရွာတို့အား ဖေဖော်ဝါရီ ၂၇ ရက်က အကြမ်းဖက်စစ်အုပ်စုက လေကြောင်းမှ ဂျက်ဖိုက်တာသုံးစင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ဖြစ်စဉ်အတွင်း အရပ်သား ၂၀ ဦးခန့် သေဆုံးကာ ၅၀ ကျော် ဒဏ်ရာရရှိမှု ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေသတွင်း လူ့အခွင့်အရေးမှတ်တမ်းများ ကောက်ယူနေသူ ဦးစိုးဝင်းနိုင်အား ဆက်သွယ်မေးမြန်းခြင်း***

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၄,၆၁၁ (၁,၀၀၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၄,၆၁၁ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည်စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၁,၀၀၀ ဦး ဝန်းကျင်လည်း ရှိသည်။

## ၂၆,၂၀၄

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၆,၂၀၄ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၉၂၂ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၈,၈၃၂ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၄ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူပေါင်း ၁၆၄ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် မျက်ကွယ်သေဒဏ် ချမှတ်ခံရသူ များတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၂၁ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

## ဖေဖော်ဝါရီ - ၃၂ + ၈၈

အကြမ်းဖက်စစ်အုပ်စုက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်အတွင်း နိုင်ငံတစ်ဝန်း ရာဇဝတ်မှုပေါင်းများစွာ ကျူးလွန်စဉ်အတွင်း အမျိုးသမီး ၃၂ ဦးနှင့် အမျိုးသား ၈၈ ဦး၊ စုစုပေါင်း ၁၂၀ ဦးအထိ သေဆုံးခဲ့ရသည်။ သေဆုံးသူများအနက် ၁၉ ဦးမှာ အသက် ၁၈ နှစ်အောက်ဖြစ်ကာ ၁၁ ဦးမှာ အသက် ၆၀ နှစ်နှင့် အထက်များ ဖြစ်သည်။ သေဆုံးသူများအနက် ၅၂ ဦးမှာ

စစ်ကိုင်းတိုင်းမှ ဖြစ်ကာ ၅၉ ဦးမှာ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် သတ်ဖြတ်ခံရခြင်း ဖြစ်သည်။

### ဖေဖော်ဝါရီ - ၁၉ + ၃၉

အကြမ်းဖက်စစ်အုပ်စုက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်အတွင်း နိုင်ငံတစ်ဝန်း ဥပဒေမဲ့ ဖမ်းဆီးခြင်းများ ကျူးလွန်လျက်ရှိကာ အမျိုးသမီး ၁၉ ဦးနှင့် အမျိုးသား ၃၉ ဦး၊ စုစုပေါင်း ၅၈ ဦး ဖမ်းဆီးခံခဲ့ရသည်။ ဖမ်းဆီးခံရသူ အများစုမှာ ရန်ကုန်တိုင်းမှ ဖြစ်ကာ ၁၄ ဦးအထိ ရှိသည်။

### ဖေဖော်ဝါရီ - ၃ + ၁၆

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီတစ်လအတွင်း အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ တရားရုံးများက မတရားပုဒ်မများဖြင့် တရားစွဲထားသူ အမျိုးသမီး (၃) ဦးနှင့် အမျိုးသား (၁၆) ဦး အား ထောင်ဒဏ်များ ချမှတ်ခဲ့ရာ စစ်ကိုင်းတိုင်းတစ်ခုတည်း၌ (၁၃) ဦးအထိ ရှိသည်။ ၎င်း ၁၉ ဦးအနက် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချခံရသူ (၆) ဦးနှင့် သေဒဏ်ချခံရသူ (၂) ဦး ပါဝင်သည်။

ကိုးကား - AAPP




